ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး**

နဝမနေ့မှတ်တမ်း

**၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၆ ရက်**

**( ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၂ ရက် )**

**[ဗုဒ္ဓဟူးနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး နဝမနေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ နဝမနေ့ အစီအစဉ် စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး နဝမနေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၁၅)ဦး ရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၇၈)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၏ (၈၂.၇၉) ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာ ပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ် မြောက် ပုံမှန်အစည်းအဝေးရဲ့ နဝမနေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ**။ ။ ဒီကနေ့ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များ စာရင်းကို ဖတ်ကြား တင်ပြပါမယ်။

ဒေါက်တာမြင့်နိုင်၊ စစ်ကိုင်း(၃)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးအောင်ကြည်ညွန့်၊ မကွေး(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုးမြင့်၊ မကွေး(၆)၊ ကျန်းမာရေး။ ဦးဇော်မြင့်ဖေ၊ မန္တလေး(၅) ကျန်းမာရေး။ ဦးမောင်အေးထွန်း၊ ရခိုင်(၉)၊ ကျန်းမာရေး။ ဦးတိုးဝင်း၊ တနင်္သာရီ(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးနေဝင်းထွန်း၊ ရှမ်း(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးသန်းမြင့်၊ တနင်္သာရီ(၁၀)၊ ကျန်းမာရေး။ ဦးကြည်ထွန်း၊ မကွေး(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာစိုင်းဆိုင်ကျောက်ဆမ်၊ ရှမ်း(၆)၊ ကျန်းမာ ရေး။ ဦးဇုန်လှယ်ထန်း၊ ချင်း(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစောသောင်းဖေ၊ မွန်(၈)၊ ကျန်းမာရေး တို့ ဖြစ်ပါတယ်။

ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များအပေါ် ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး နဝမနေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ(၂၁၅)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၂၅)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၂)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ(၃၇)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)၊ အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့်ပုဂ္ဂိုလ်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသော တိရစ္ဆာန်ဆေးပညာကောင်စီဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တိရစ္ဆာန်ဆေးပညာကောင်စီဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးပြီး ပြင်ဆင်ချက်ဖြင့်အတည်ပြု၍ အမျိုးသားလွှတ်တော်သို့ ပေးပို့လာပါတယ်။ အဆိုပါ ဥပဒေကြမ်း ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော တိရစ္ဆာန်ဆေးပညာ ကောင်စီဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်တွင်ဆွေးနွေးနိုင်ရန် ဥပဒေကြမ်း ကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ဖတ်ကြားတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၆။**

**ဗိုလ်မှူးချုပ်ကျော်ကျော်စိုး(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့်

ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးချုပ်ကျော်ကျော်စိုး က ဥပဒေကြမ်းကော်မတီ၏ တာဝန်ပေးချက်အရ တိရစ္ဆာန်ဆေးပညာကောင်စီဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာကို ဖတ်ကြားတင်ပြသွားမှာ ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏**
**တိရစ္ဆာန်ဆေးပညာကောင်စီဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်းအစီရင်ခံစာ**

စာအမှတ်၊ ၁/အမ(ကော်မတီ-၁)၁ / ၂၀၁၅ - ၆၃၄
ရက်စွဲ၊ ၂၀၁၅ ခုနှစ် ၊ ဒီဇင်ဘာလ ၁ ရက်

၁။ ပြည်သူ့လွှတ်တော်က တိရစ္ဆာန်ဆေးပညာကောင်စီဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို (၃၀-၁၁-၂၀၁၅) ရက်နေ့တွင် ပြင်ဆင်ချက်များဖြင့် သဘောတူအတည်ပြုပြီး အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ရန်အတွက် ပေးပို့လာပါသည်။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ယင်းဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၊ နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင်မှ ပညာရှင်များနှင့် (၃၀-၁၁-၂၀၁၅) ရက်နေ့တွင် ဆွေးနွေးညှိနှိုင်းခဲ့ပါသည်။

**လေ့လာတွေ့ရှိချက်**

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ပြည်သူ့လွှတ်တော်က အတည်ပြုသည့် တိရစ္ဆာန် ဆေးပညာကောင်စီဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို လေ့လာစိစစ်ရာ၌ ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်များသည် ပိုမိုပြည့်စုံမှုရှိစေရန် ပြင်ဆင်ဖြည့်စွက်ထားခြင်းဖြစ်ပါ၍ ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း ဆက်လက်ထားရှိသင့်ပါကြောင်း လေ့လာတွေ့ရှိရပါသည်။

**ကော်မတီ၏သဘောထားမှတ်ချက်**

၃။ သို့ဖြစ်ပါ၍ တိရစ္ဆာန်ဆေးပညာကောင်စီ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်၏အတည်ပြုချက်အတိုင်း အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက်နိုင်ပါရန် အစီရင်ခံတင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော တိရစ္ဆာန်ဆေးပညာကောင်စီဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော တိရစ္ဆာန်ဆေးပညာကောင်စီ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးလိုသည့် အကြောင်းအရာအကျဉ်းချုပ်ကို ဖော်ပြ လက်မှတ်ရေးထိုးပြီး ၄-၁၂-၂၀၁၅ ရက် (သောကြာနေ့)ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့်ပုဂ္ဂိုလ်က နည်းပညာနှင့် သက်မွေးပညာရေး ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြားတင်သွင်းခြင်း**

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၇)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နည်းပညာနှင့် သက်မွေးပညာရေး ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာ ကို ကော်မတီက ပြန်လည်ဖတ်ကြား တင်သွင်းမှာ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၉။**

**ဒေါက်တာမြတ်ဥာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး၊ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး မင်္ဂလာပါခင်ဗျား။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီရဲ့ နည်းပညာနှင့် သက်မွေးပညာရေး ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာကို ဥပဒေကြမ်းကော်မတီ၊ အတွင်းရေးမှူး ကျွန်တော် ဒေါက်တာ မြတ်ဥာဏစိုး ကနေပြီး တော့ လွှတ်တော်ကို တင်သွင်းမှာဖြစ်ပါတယ်။

စာအမှတ်၊ ၁/အမ(ကော်မတီ-၁)၁ /၂၀၁၅ - ၆၂၇
ရက်စွဲ၊ ၂၀၁၅ ခုနှစ် ၊ ဒီဇင်ဘာလ ၁ ရက်

၁။ နည်းပညာနှင့်သက်မွေးပညာရေး ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်မှာ ၂၃-၇-၂၀၁၅ ရက်နေ့မှာ အစီရင်ခံစာ တင်သွင်းခဲ့ပြီးဖြစ်ပါတယ်။ ဒီဥပဒေကြမ်းအပေါ်မှာ မွန်ပြည်နယ်၊ မဲဆန္ဒနယ် အမှတ်(၇)မှ ဒေါက်တာဗညားအောင်မိုးနှင့် မကွေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၁၂)မှ ကိုယ်စားလှယ် တော်ကြီး ဦးလှဆွေ တို့မှ အကြံပြုဆွေးနွေးခဲ့ကြပါတယ်။ ဒီဆွေးနွေးချက်တွေနဲ့ စပ်လျဉ်းပြီးတော့ ပထမ အကြိမ်၊ အမျိုးသားလွှတ်တော် ၁၃ ကြိမ်မြောက် ပုံမှန်အစည်းအဝေး တတိယနေ့ဖြစ်တဲ့ ၁၈-၁၁-၂၀၁၅ ရက်နေ့မှာ ဆွေးနွေးခဲ့တာဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဟာ နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင်မှ ဥပဒေပညာရှင်များ၊ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ် များနှင့် ၃၀-၁၁-၂၀၁၅ ရက်နေ့မှာ ဆွေးနွေးညှိနှိုင်းမှုပြုခဲ့ပါတယ်။

**လေ့လာတွေ့ရှိချက်အနေနဲ့ကတော့**

၂။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီသည် နည်းပညာနှင့် သက်မွေးပညာရေး ဥပဒေ ကြမ်းအပေါ် လေ့လာစိစစ်ရာတွင် ဆွေးနွေးခဲ့တဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မူလဥပဒေကြမ်း အပိုဒ် ၄၊ အပိုဒ်ခွဲ(က)ကို ပြင်ဆင်ဖြည့်စွက်ဖို့ အကြံပြုဆွေးနွေးခဲ့တာ ဖြစ်ပါတယ်။ အဲဒီဆွေးနွေးချက်ဟာ အပိုဒ် ၁၈၊ အပိုဒ်ခွဲ(က)(ခ)နဲ့(ဂ)တို့မှာ ပြည့်စုံစွာပြဋ္ဌာန်းပြီးဖြစ်တဲ့အတွက်ကြောင့်မို့လို့ ယင်းအပိုဒ်ခွဲကို ပြင်ဆင် ဖြည့်စွက်ရန် မလိုအပ်ဘဲ မူလအဆိုပြုချက်အတိုင်းသာ ထားရှိရန် လေ့လာတွေ့ရှိရပါတယ်။

**ကော်မတီရဲ့ သဘောထားမှတ်ချက်ကို တင်ပြပါ့မယ်။**

၃။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် နည်းပညာနှင့် သက်မွေး ပညာရေးဥပဒေကြမ်းကို ဆွေးနွေးခဲ့သည့် လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံရေး၊ စီးပွားရေးနှင့်

ဥပဒေရေးရာကော်မရှင်မှ ပညာရှင်များ၊ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနဲ့ အသေးစိတ် ညှိနှိုင်းဆွေးနွေးခဲ့ပြီးဖြစ်ပါသဖြင့် မူလတင်ပြထားသည့် ပြင်ဆင်ချက်များအတိုင်း အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက်ပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ် ခင်ဗျား။

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက နည်းပညာနှင့်သက်မွေး ပညာရေးဥပဒေကြမ်းကို တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၀း၁၂။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နည်းပညာနှင့် သက်မွေးပညာရေး ဥပဒေကြမ်းကို တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူမှာဖြစ်ပါတယ်။ ဝန်ကြီးဌာနအနေနဲ့ ဆွေးနွေးရန်ရှိပါက သဘောမတူတဲ့သူ ရှိပါသလားလို့မေးတဲ့အချိန်မှာ ဆွေးနွေးနိုင်ပါတယ်။ ဥပဒေကြမ်းကော်မတီက တင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၂။**

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်ဖြစ်တဲ့ -

အခန်း(၁)၊ အပိုဒ် ၂(ဃ)(င)(ဆ)(ဇ)(ဈ)(ဌ)(ဍ)(ဎ) ) တို့ကို တင်ပြပါ့မယ်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်းအဓိပ္ပာယ် သက်ဝင်စေရမည် -

(ဃ) နည်းပညာနှင့်သက်မွေးပညာရပ်များဆိုသည်မှာ လက်တွေ့ကျွမ်းကျင်သူများ၊ စက်မှုလက်မှုအတတ်ပညာရှင်များ၊ သက်မွေးပညာရပ်ဆိုင်ရာ အတတ်ပညာရှင်များဖြစ်စေရန် သင်ပြလေ့ကျင့်ပေးသည့် နည်းပညာနှင့် သက်မွေးပညာရပ် အားလုံးကို ဆိုသည်။

(င) နည်းပညာနှင့် သက်မွေးပညာသင်ကျောင်း ဆိုသည်မှာ နည်းပညာနှင့် သက်မွေးပညာရပ်များကို စနစ်တကျ သင်ပြလေ့ကျင့်ပေးသည့် ပိုလီတက်ကနစ် ကောလိပ်၊ သိပ္ပံနှင့် ကျောင်း သို့မဟုတ် ကောလိပ်၊ သိပ္ပံနှင့် ကျောင်း အသီးသီးကိုဆိုသည်။

(ဆ) နည်းပညာနှင့် သက်မွေးပညာသင်ဌာန ဆိုသည်မှာ နည်းပညာနှင့် သက်မွေးပညာသင်တန်းများကိုစနစ်တကျသင်ပြလေ့ကျင့်ပေးသည့် နေရာဌာနအသီးသီးကိုဆိုသည်။

(ဇ) တာဝန်ခံဝန်ကြီးဌာနများ ဆိုသည်မှာ ဤဥပဒေပါ လုပ်ငန်းတာဝန်များကို ကြီးကြပ်ဆောင်ရွက်ရန် ဤဥပဒေနှင့်အညီ အစိုးရအဖွဲ့ကသတ်မှတ်ပေးထားသည့် ပညာရေးဝန်ကြီးဌာနနှင့် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနတို့ကို ဆိုသည်။

(ဈ) သက်ဆိုင်ရာဝန်ကြီးဌာနများဆိုသည်မှာ နည်းပညာနှင့် သက်မွေးပညာသင်တန်းကျောင်းများနှင့် နည်းပညာနှင့် သက်မွေးပညာသင်ဌာနများ တည်ထောင် ဖွင့်လှစ်ထားသည့် ဝန်ကြီးဌာနများကို ဆိုသည်။

(ဌ) ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ ဆိုသည်မှာ အလုပ်အကိုင်နှင့် ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးဥပဒေအရ ဖွဲ့စည်းထားသောအဖွဲ့ကို ဆိုသည်။

(ဍ) နည်းပညာနှင့် သက်မွေးပညာဆိုင်ရာ အရည်အသွေးအာမခံမှု ဆိုသည်မှာ နည်းပညာနှင့် သက်မွေးပညာကျောင်းနှင့် နည်းပညာနှင့် သက်မွေးပညာသင်တန်း၊ ယင်းကျောင်းနှင့်သင်တန်းများရှိ သင်ကြားသင်ယူမှု အစီအစဉ်များသည် သက်ဆိုင်ရာ စံချိန်စံညွှန်းများနှင့် ကိုက်ညီမှု အခြေအနေကို အမြဲမပြတ် စိစစ်အကဲဖြတ်ခြင်းဖြင့် အရည်အသွေးအဆင့် သတ်မှတ်ခြင်းနှင့် အာမခံချက်ပေးခြင်းကို ဆိုသည်။

(ပ) သက်မွေးပညာရေး အထူးဝန်ဆောင်မှု ဆိုသည်မှာ မသန်စွမ်းသူများ၊ ရွှေ့ပြောင်းလုပ်သားများ၊ ကျောင်းပညာရေး မပြီးဆုံးသူများ၊ သက်မွေးပညာ သင်ယူလိုသော သက်ကြီးပုဂ္ဂိုလ်များ၊ နယ်စပ်ဒေသနှင့် ကျေးလက်ဒေသနေ ပြည်သူများအတွက် သင်ကြားပေးသော သက်မွေးပညာ သင်တန်းများနှင့် ကျောင်းများ တည်ထောင်ဖွင့်လှစ်သည့် အထူးအစီအစဉ်ကို ဆိုသည်။

ဒီပြင်ဆင်ချက်များကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်တယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့ သူမရှိတဲ့အတွက် အခန်း(၁)၊ အပိုဒ် ၂(ဃ)(င)(ဆ)(ဇ)(ဈ)(ဌ)(ဍ)(ပ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၁)၊ အပိုဒ် ၂(ဃ)(င)(ဆ)(ဇ)(ဈ)(ဌ)(ဍ)(ပ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-

အခန်း(၂)၊ အပိုဒ် ၃(က)(ခ)(ဂ)(ဃ)တို့ကို ဆက်လက်တင်ပြပါ့မယ်။

၃။ နည်းပညာနှင့်သက်မွေးပညာရေး၏ ရည်မှန်းချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူတို့၏ လူမှုစီးပွားရေးတိုးတက်ဖွံ့ဖြိုးစေရေး အတွက် လိုအပ်သောနည်းပညာနှင့် သက်မွေးပညာရပ်ကျွမ်းကျင်သူများနှင့် အတတ်ပညာရှင်များကို မွေးထုတ်သွားရန်၊

(ခ) နိုင်ငံတကာအဆင့်မီနည်းပညာနှင့် သက်မွေးပညာရပ်ဆိုင်ရာ ပတ်ဝန်းကျင်ကောင်းများ ဖန်တီးပေးရန်၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာများကို ထိရောက်စွာအသုံးပြုခြင်းဖြင့် နည်းပညာနှင့်သက်မွေးပညာ သင်ကြားရေး၊ သင်ယူရေး၊ သုတေသနနှင့် စီမံခန့်ခွဲရေးလုပ်ငန်းများ၏ အရည်အသွေး မြင့်မားလာစေရန်၊

(ဂ) တိုင်းဒေသကြီးများ သို့မဟုတ် ပြည်နယ်များ၊ ပြည်ထောင်စုနယ်မြေများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နည်းပညာနှင့် သက်မွေးပညာသင်တန်းများကို လိုအပ်သလို တိုးချဲ့သင်ကြားပေးရန်၊

(ဃ) နိုင်ငံတော်ကိုချစ်မြတ်နိုးသည့် အသိစိတ်ဓာတ်နှင့်ခံယူချက်များပြည့်ဝသော ကျွမ်းကျင်သူများနှင့် အတတ်ပညာရှင်များ ဖြစ်လာစေရေးအတွက် လေ့ကျင့်သင်ကြားပေးရန်။

ဒီပြင်ဆင်ချက်များကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၂)၊ အပိုဒ် ၃ (က)(ခ)(ဂ)(ဃ) ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၂)၊ အပိုဒ် ၃ (က)(ခ)(ဂ)(ဃ)သည် ဤ ဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-

အခန်း(၃) အပိုဒ် ၄ ခြေဆင်း၊ အပိုဒ် ၄(ခ)(ဂ)(ဃ)(င)(ဆ)(ဇ)(ဈ) တို့ဖြစ်ပါတယ်။

၄။ နည်းပညာနှင့်သက်မွေးပညာရေးဆိုင်ရာ အခြေခံမူများမှာ အောက်ပါအတိုင်းဖြစ်သည်-

(ခ) ဒေသလိုအပ်ချက်နှင့်အညီ သက်မွေးပညာရပ် နယ်ပယ်များကို တစ်နေရာတည်း တွင် စုစည်း သင်ကြားပေးရေး၊

(ဂ) ပုဂ္ဂလိကပူးပေါင်းပါဝင်စေရေး၊

(ဃ) နိုင်ငံတကာ အဆင့်မီပညာရပ် ဝန်းကျင်ကောင်းများ ဖြစ်ထွန်းစေရေး၊

(င) ဘဝတစ်လျှောက်စဉ်ဆက်မပြတ်သင်ယူခွင့် ရရှိစေရေး၊

(ဆ) ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုဖြင့် အစိုးရနှင့်ပုဂ္ဂလိကသီးခြားဖြစ်စေ၊ ပူးပေါင်း၍ ဖြစ်စေဆောင်ရွက် ဖွင့်လှစ်ခွင့်ပြုရေး၊

(ဇ) နည်းပညာနှင့် သက်မွေးပညာရေးကို အခြားပညာရေးစနစ် အမျိုးအစားအားလုံး တို့နှင့် အပြန်အလှန် ဆက်သွယ်ကူးပြောင်း သင်ယူနိုင်သည့် အစီအစဉ်ထားရှိရေး၊

(ဈ) နိုင်ငံ၏ ကျွမ်းကျင်လုပ်သား လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေးနှင့် အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုရရှိရေးတို့ ဖြစ်ပါတယ်။

ဒီပြင်ဆင်ချက်များကို လွှတ်တော်ကအတည်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူမရှိတဲ့အတွက် အခန်း(၃) အပိုဒ် ၄ ခြေဆင်း၊ အပိုဒ် ၄(ခ)(ဂ)(ဃ)(င)(ဆ)(ဇ)(ဈ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၃) အပိုဒ် ၄ ခြေဆင်း၊ အပိုဒ် ၄(ခ)(ဂ)(ဃ)(င)(ဆ)(ဇ)(ဈ)သည် ဤဥပဒေကြမ်း ၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥပဒေကြမ်းကော်မတီ ၏ ပြင်ဆင်ချက်-

အခန်း(၄)၊ အပိုဒ် ၅၊ အပိုဒ် ၆၊ အပိုဒ် ၈၊ အပိုဒ် ၉၊ အပိုဒ် ၁၀ ခြေဆင်း၊ အပိုဒ် ၁၀(က) (ခ)၊ အပိုဒ် ၁၁ (က)(ခ)၊ အပိုဒ် ၁၂ တို့ဖြစ်ပါတယ်။

၅။ တာဝန်ခံဝန်ကြီးဌာနများ သို့မဟုတ် သက်ဆိုင်ရာဝန်ကြီးဌာနများသည် နည်းပညာနှင့် သက်မွေးပညာရေး၏ အဓိကရည်မှန်းချက်များ အောင်မြင်အထမြောက်စေရန် ကြီးကြပ်ဆောင်ရွက် ရမည်။

၆။ ပညာရေးဝန်ကြီးဌာနသည် နည်းပညာနှင့် သက်မွေးပညာရေး၏ ကျောင်းပညာရေးနှင့် သင်တန်းများကို တာဝန်ခံ ဆောင်ရွက်ရမည်။

၈။ နိုင်ငံတော်မှ အသိအမှတ်ပြုထားသော နည်းပညာနှင့် သက်မွေးပညာသင်ကျောင်းနှင့် သင်တန်းအသီးသီးမှ ကျွမ်းကျင်မှုလက်မှတ်၊ အောင်လက်မှတ်နှင့် ဒီပလိုမာ လက်မှတ်များ အတည်ပြု သတ်မှတ်ရေးအတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနတစ်ခုချင်း အလိုက်သော်လည်းကောင်း၊ သက်ဆိုင်ရာ ဝန်ကြီးဌာနအချင်းချင်း ညှိနှိုင်း၍သော်လည်းကောင်း အမျိုးသားပညာရေး အဆင့်အတန်းနှင့် အရည်အသွေး အာမခံမှု အကဲဖြတ် ကော်မတီသို့ တင်ပြဆောင်ရွက်ရမည်။

၉။ တာဝန်ခံဦးစီးဌာန သို့မဟုတ် သက်ဆိုင်ရာဦးစီးဌာနသည် သတ်မှတ်ထားသော စံချိန်စံညွှန်း များ၊ လုပ်ငန်းတာဝန်များနှင့်အညီ မိမိတို့နှင့် သက်ဆိုင်သော နည်းပညာနှင့် သက်မွေးပညာ သင်ကြား ရေးလုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲခြင်းနှင့် စီမံခန့်ခွဲခြင်း ပြုရမည်။

၁၀။ ပုဒ်မ ၂၂၊ ပုဒ်မခွဲ (ခ)၊(ဂ)၊(ဃ)၊(င)၊(စ)နှင့်(ဆ)တို့ ပါ နည်းပညာနှင့်သက်မွေးပညာကျောင်း နှင့် နည်းပညာနှင့်သက်မွေး ပညာဌာနများ၏ မှတ်ပုံတင်ခြင်း၊ ခွင့်ပြုချက်ထုတ်ပေးခြင်း၊ ထူထောင်ခြင်း၊ ဖွင့်လှစ်ခြင်း၊ ပိတ်သိမ်းခြင်းတို့ကို ဆောင်ရွက်ရာတွင်-

(က) အစိုးရနှင့် ပူးပေါင်းဖွင့်လှစ်သော ကျောင်းများ အတွက် တာဝန်ခံဝန်ကြီးဌာနများနှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများက ဆောင်ရွက်ရမည်။

(ခ) ပြည်တွင်းပြည်ပ၊ ပုဂ္ဂလိကများ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဖွင့်လှစ်သည့် ကျောင်း နှင့် ဌာနများအတွက် ပုဂ္ဂလိကပညာရေးဥပဒေနှင့် သက်ဆိုင်ရာဥပဒေများနှင့် အညီ ဆောင်ရွက်ရာတွင် ကောင်စီက ပေါင်းစပ် ညှိနှိုင်းပေးရမည်။

၁၁။ နည်းပညာနှင့် သက်မွေးပညာဆိုင်ရာ ဆရာအတတ်သင် လေ့ကျင့်ရေး သင်တန်းကျောင်း များကို -

(က) တာဝန်ခံဝန်ကြီးဌာနများနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများက တည်ထောင် ဖွင့်လှစ် နိုင်သည်။

(ခ) သက်ဆိုင်ရာဥပဒေနှင့်အညီ ပုဂ္ဂလိကအဖွဲ့အစည်း များကလည်း ဖွင့်လှစ်နိုင်သည်။

၁၂။ ပုဒ်မ ၁၁ ပုဒ်မခွဲ(က)နှင့်(ခ)ပါ သင်တန်းကျောင်းများ တည်ထောင်ဖွင့်လှစ်ရာ၌ ပညာရေး ဝန်ကြီးဌာန၏ အကူအညီ ရယူနိုင်သည်။ နည်းပညာနှင့် သက်မွေးပညာဆိုင်ရာ ဆရာ အတတ်သင် လေ့ကျင့်ရေး သင်တန်းကျောင်းများကို သက်ဆိုင်ရာဥပဒေနှင့်အညီ ပုဂ္ဂလိကအဖွဲ့အစည်းများက တည်ထောင် ဖွင့်လှစ်နိုင်သည်။

ဒီပြင်ဆင်ချက်များကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ ဒီပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၄)၊ အပိုဒ် ၅၊ အပိုဒ် ၆၊ အပိုဒ် ၈၊ အပိုဒ် ၉၊ အပိုဒ် ၁၀ ခြေဆင်း၊ အပိုဒ် ၁၀ (က)(ခ)၊ အပိုဒ် ၁၁ (က)(ခ)၊ အပိုဒ် ၁၂ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၄)၊ အပိုဒ် ၅၊ အပိုဒ် ၆၊ အပိုဒ် ၈၊ အပိုဒ် ၉၊ အပိုဒ် ၁၀ ခြေဆင်း၊ အပိုဒ် ၁၀ (က)(ခ)၊ အပိုဒ် ၁၁(က)(ခ)၊ အပိုဒ် ၁၂ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ဖြည့်စွက်ချက်-

အခန်း(၅)၊ အပိုဒ် ၁၃(က)(ခ)(ဂ)(ဃ)(င)၊ အပိုဒ် ၁၄(က)မှ(ဇ)ထိ၊ အပိုဒ် ၁၅ တို့ကို တင်ပြပါမယ်။

၁၃။ အမျိုးသားပညာရေးမူဝါဒ ကော်မရှင်သည်-

(က) ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး အတွက် တာဝန်ခံဝန်ကြီးဌာနနှင့် သက်ဆိုင်ရာ ဝန်ကြီးဌာန ကိုယ်စားလှယ်များ၊ ကျွမ်းကျင်မှုဖွံ့ဖြိုး တိုးတက်ရေးအဖွဲ့ ကိုယ်စားလှယ်များ၊ တိုင်းရင်းသားပညာရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ စက်မှုလက်မှုလုပ်ငန်းရှင်များ နှင့် အခြားသင့်လျော်သော ပုဂ္ဂိုလ်များအဖွဲ့ဝင်များ အဖြစ်ပါဝင်သည့် နည်းပညာ နှင့် သက်မွေးပညာရေးကောင်စီကို ဖွဲ့စည်းရမည်။

(ခ) ကောင်စီဝင်ဦးရေကို လိုအပ်သလို သတ်မှတ်ပေးနိုင်သည်။

(ဂ) ကောင်စီကို လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

(ဃ) ကောင်စီ၏သက်တမ်းကို စတင်ဖွဲ့စည်းသည့်နေ့မှ တစ်ကြိမ်လျှင်(၅)နှစ် သတ်မှတ် သည်။

(င) ကောင်စီ၏ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့ကို ကောင်စီအဖွဲ့ဝင်များထဲမှ ရွေးချယ် တာဝန်ပေးအပ်ရမည်ဟု ပြင်ဆင်ထားပါတယ်။

ဒါတွေကပြင်ဆင်ချက် ဖြစ်ပါတယ်။

၁၄။ ကောင်စီ၏တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

ဒါတွေကအသစ်ဖြည့်စွက်ချက် ဖြစ်ပါတယ်။

(က) လိုအပ်ပါက ကောင်စီအဖွဲ့ဝင်များထဲမှ အလုပ်အမှု ဆောင်အဖွဲ့ကို ဦးရေသတ်မှတ် ၍ ရွေးကောက် တင်မြှောက်ခြင်း၊

(ခ) တာဝန်ခံဝန်ကြီးဌာနများ၊ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများ နှင့် ညှိနှိုင်း ပေါင်းစပ်ဆောင်ရွက်ခြင်း၊

(ဂ) နည်းပညာနှင့် သက်မွေးပညာကျောင်းနှင့် နည်းပညာနှင့်သက်မွေးပညာဌာနများကို ပေါင်းစပ်ညှိနှိုင်းပေးခြင်းဖြင့် ယင်းတို့၏တိုးတက်ဖွံ့ဖြိုးမှုကို အထောက်အကူ ပြုခြင်း၊

(ဃ) နည်းပညာနှင့် သက်မွေးပညာရေး ရည်မှန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ဥပဒေနှင့်အညီ လိုအပ်သောဒေသအလိုက်နှင့် လုပ်ငန်းကဏ္ဍ အလိုက် လုပ်ငန်းကော်မတီ သို့မဟုတ် အဖွဲ့အစည်းများကို ဥပဒေနှင့်အညီ ဖွဲ့စည်း တာဝန်ပေးအပ်ခြင်း၊

(င) နည်းပညာနှင့် သက်မွေးပညာဆိုင်ရာ သတင်းအချက်အလက်များကို စုဆောင်းခြင်း၊ လေ့လာသုံးသပ် သုတေသနပြုခြင်း လုပ်ငန်းတို့ကို ကြီးကြပ်ခြင်း၊

(စ) အမျိုးသားပညာရေး အဆင့်အတန်းနှင့် အရည်အသွေး အာမခံမှုအကဲဖြတ် ကော်မတီက သတ်မှတ်သော အရည်အသွေးအာမခံမှု စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်နိုင်ရန် ကြီးကြပ်ခြင်း၊

**ဥက္ကဋ္ဌ**။ ။ပြန်ဖတ်ပါအုံး။ အမျိုးသားပညာရေး အဆင့်အတန်းနှင့် ။အဲဒီမှာ ကော်မတီက သတ်မှတ်သောဆိုတာလေးပိုနေတယ်။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ဟုတ်မှန်ပါတယ်ခင်ဗျ။

(စ) အမျိုးသားပညာရေးအဆင့်အတန်းနှင့် ကော်မတီကသတ်မှတ်သော အရည်အသွေး အာမခံမှုအကဲဖြတ် ကော်မတီကသတ်မှတ်သော အရည်အသွေးအာမခံမှု စံချိန်စံညွှန်း များနှင့်အညီ ဆောင်ရွက်နိုင်ရန် ကြီးကြပ်ခြင်း၊

(ဆ) ပြည်တွင်းပြည်ပမှ ငွေကြေးနှင့် အထောက်အပံ့များ၊ ပစ္စည်းများ လှူဒါန်းထောက်ပံ့ လာပါက နည်းပညာနှင့် သက်မွေးပညာသင်ကျောင်းနှင့် နည်းပညာနှင့် သက်မွေး ပညာသင်ဌာနများသို့ သင့်လျော်သလို ခွဲဝေပေးခြင်း၊

(ဇ) ဒေသအလိုက်နှင့်လုပ်ငန်းကဏ္ဍအလိုက် လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက် နေမှုအခြေအနေများနှင့် ဆက်လက်တိုးချဲ့ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည့် အစီအမံများကို ပေါင်းစပ်ညှိနှိုင်းစီမံပေးခြင်း၊

(ဈ) အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍ ချိတ်ဆက်ခြင်း၊ သင်တန်းကျောင်းများနှင့် လုပ်ငန်းခွင် ချိတ်ဆက်ခြင်းတို့ကို ညှိနှိုင်းစီမံဆောင်ရွက်ပေးခြင်း၊

(ည) အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍတို့၏ သက်မွေးပညာသင်တန်းများကို တိုင်းဒေသကြီးများ သို့မဟုတ် ပြည်နယ်များ၊ ပြည်ထောင်စုနယ်မြေများနှင့် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်း နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသများ၏ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများတွင် လိုအပ် သည့် ကျွမ်းကျင်လုပ်သား လူ့စွမ်းအား အရင်းအမြစ်များ လေ့ကျင့်မွေးထုတ်နိုင်ရန် ပေါင်းစပ်ညှိနှိုင်းစီမံပေးခြင်း၊

(ဋ) ပြည်တွင်းသက်မွေးပညာ သင်တန်းများနှင့် ပြည်တွင်းပြည်ပ အလုပ်အကိုင်ရှာဖွေသူများကိုပေါင်းစပ်ညှိနှိုင်း၍ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိအောင် ဆောင်ရွက်ပေးခြင်း၊

(ဌ) တာဝန်ခံဝန်ကြီးဌာနများနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများက ဆောင်ရွက်မည့် နည်းပညာနှင့် သက်မွေးပညာရေးဆိုင်ရာ ရေတိုရေရှည် စီမံကိန်းများကို လိုအပ်ပါက ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊

(ဍ) အရည်အသွေး စစ်ဆေးချက်အရ အသိမှတ်ပြု လက်မှတ်များ ထုတ်ပေးရာတွင် အမျိုးသားပညာရေး အဆင့်အတန်းနှင့် အရည်အသွေးအာမခံမှု အကဲဖြတ် ကော်မတီသို့တင်ပြနိုင်ရန်အတွက်သက်ဆိုင်ရာဥပဒေများနှင့်အညီ ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊

(ဎ) ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုဖြင့် အစိုးရ၊ ပုဂ္ဂလိကသီးခြားဖြစ်စေ၊ ပူးပေါင်း၍ဖြစ်စေ ဆောင်ရွက်နိုင်ရန် ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊

(ဏ) ပညာရေး အမျိုးအစားအဆင့်များ ဆက်သွယ်ကူးပြောင်း သင်ယူနိုင်မည့် အစီအစဉ်အတွက် လိုအပ်သလို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်း၊

၁၅။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကောင်စီဝင်များသည် အစိုးရအဖွဲ့ကသတ်မှတ်သည့် ချီးမြှင့်ငွေနှင့်စရိတ်ကို ခံစားခွင့်ရှိသည်။

ဒီပြင်ဆင်ချက်များကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန်တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။

ဒီပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၅)၊ အပိုဒ် ၁၃ (က)(ခ)(ဂ)(ဃ)(င)၊ အပိုဒ် ၁၄ (က) မှ(ဏ)ထိ၊ အပိုဒ် ၁၅ ပြင်ဆင် ဖြည့်စွက်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၅)၊ အပိုဒ် ၁၃(က)(ခ)(ဂ)(ဃ)(င)၊ အပိုဒ် ၁၄(က)မှ(ဏ)ထိ၊ အပိုဒ် ၁၅ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-

အခန်း(၆)၊ အပိုဒ် ၁၈(က)(ခ)(ဂ)၊ အပိုဒ် ၁၉၊ အပိုဒ် ၂၀(က)(ခ)၊ အပိုဒ် ၂၁ တို့ကို ဆက်လက်တင်ပြပါမယ်။

၁၈။ နည်းပညာနှင့် သက်မွေးပညာရေးအဆင့်ကို အောက်ပါ အတိုင်း ခွဲခြားသတ်မှတ်သည် -

(က) အခြေခံပညာမူလတန်းအဆင့် အောင်မြင်ပြီးမြောက်သူများ တက်ရောက်နိုင်သော အခြေခံအဆင့် နည်းပညာနှင့် သက်မွေးပညာရေး၊

(ခ) အလယ်တန်းအဆင့် အောင်မြင်ပြီးမြောက်သူများနှင့် ညီမျှသည့် အရည်အချင်း ရှိသူများ တက်ရောက်နိုင်သော အလယ်တန်းအဆင့် နည်းပညာနှင့် သက်မွေးပညာရေး၊

(ဂ) အခြေခံပညာ အထက်တန်းအဆင့် အောင်မြင် ပြီးမြောက်သူများနှင့် ညီမျှသည့် အရည်အချင်း ရှိသူများတက်ရောက်နိုင်သော ဘွဲ့ကြိုဒီပလိုမာ အဆင့်ပညာရေး။

၁၉။ ကျောင်းပြင်ပ နည်းပညာနှင့် သက်မွေးပညာရေး၊ ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုဖြင့် အစိုးရနှင့် ပုဂ္ဂလိကသီးခြားဖြစ်စေ၊ ပူးပေါင်း၍ဖြစ်စေ ဖွင့်လှစ်သော နည်းပညာနှင့်သက်မွေးပညာရေး အမျိုးအစား ဖြစ်သည်။

၂၀။ အမျိုးသားပညာရေးဥပဒေ ပုဒ်မ ၃၀ နှင့်အညီ ဆောင်ရွက် ရာတွင်-

(က) နည်းပညာနှင့် သက်မွေးပညာရေး အဆင့်တစ်ခု အတွင်းတွင်ဖြစ်စေ၊ သက်ဆိုင်ရာ အဆင့်အလိုက်ဖြစ်စေ၊ သက်ဆိုင်ရာ ကဏ္ဍအလိုက်ဖြစ်စေ အပြန်အလှန် ကူးပြောင်းနိုင်သည့် အစီအမံများ ထားရှိရမည်။

(ခ) သက်ဆိုင်ရာပညာရပ်နယ်ပယ်အလိုက် သတ်မှတ်အရည်အသွေးနှင့် အဆင့်အတန်း ကိုက်ညီပါက နည်းပညာနှင့် သက်မွေးပညာရေးနှင့် အဆင့်မြင့်ပညာရေးတို့အကြား အပြန်အလှန် ချိတ်ဆက် ကူးပြောင်းနိုင်သည့် အစီအမံများ ထားရှိရမည်။

၂၁။ ပုဒ်မ ၁၈ ပါ ပညာရေးအဆင့်တိုင်းနှင့် ပုဒ်မ ၁၉ ပါ ပညာရေးအမျိုးအစားတို့တွင် အစိုးရနှင့်ပုဂ္ဂလိက အဖွဲ့အစည်းများ၏ လိုအပ်ချက်အရ ရလဒ်အခြေပြုစနစ်ကို သော်လည်းကောင်း၊ ကျွမ်းကျင်မှုအခြေပြု စနစ်ကိုသော်လည်းကောင်း သို့မဟုတ် ယင်းစနစ်နှစ်ခုလုံးကိုသော် လည်းကောင်း ကျင့်သုံးဆောင်ရွက်နိုင်သည်။ ယင်းသို့ဆောင်ရွက်ရာတွင် အမျိုးသားအဆင့် အရည်အသွေး မူဘောင်၊ အမျိုးသားအဆင့်ကျွမ်းကျင်မှုဆိုင်ရာ စံချိန်စံညွှန်းများနှင့် ညီညွတ်မှုရှိစေရမည်။

ဒီပြင်ဆင်ချက်များကို အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အပိုဒ်(၁၉)၊ ကျောင်းပြင်ပ နည်းပညာနှင့် သက်မွေးပညာရေးသည်လို့ ဖြစ်ရမယ်။ သူက ဒါ Subject ပေါ့။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ မှန်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပုဒ်ထီးဖြစ်တဲ့အတွက် သူက အသားလွတ်ကြီး ဖြစ်နေတယ်။ ကျောင်းပြင်ပ နည်းပညာနှင့် သက်မွေးပညာရေးသည် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုဖြင့် အစိုးရနှင့် ပုဂ္ဂလိက သီးခြားဖြစ်စေ၊ ပူးပေါင်း၍ဖြစ်စေ ဖွင့်လှစ်သော နည်းပညာနှင့် သက်မွေးပညာရေး အမျိုးအစားဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ မှန်ပါတယ်ခင်ဗျား။ ပြင်ဆင်လိုက်ပါမယ်။

**ဥက္ကဋ္ဌ**။ ။ ဒုတိယဝန်ကြီး၊ ဟုတ်တယ်နော်။

ဒီပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၆)၊ အပိုဒ် ၁၈ (က)(ခ)(ဂ)၊ အပိုဒ် ၁၉၊ အပိုဒ် ၂၀ (က)(ခ)၊ အပိုဒ် ၂၁ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၆)၊ အပိုဒ် ၁၈ (က)(ခ)(ဂ)၊ အပိုဒ် ၁၉၊ အပိုဒ် ၂၀(က)(ခ)၊ အပိုဒ် ၂၁ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-

အခန်း(၇)၊ အပိုဒ် ၂၂(က)မှ(ဆ)ထိ၊ အပိုဒ် ၂၃၊ အပိုဒ် ၂၄ ခြေဆင်း၊ အပိုဒ် ၂၄ (က)(ခ)(ဂ)(ဃ) တို့ကို ဆက်လက်တင်ပြပါမယ်။

၂၂။ နည်းပညာနှင့် သက်မွေးပညာသင်ကျောင်းနှင့် သင်တန်းအမျိုးအစားကို အောက်ပါအတိုင်း သတ်မှတ်သည်-

(က) အစိုးရနည်းပညာနှင့် သက်မွေးပညာသင်ကောလိပ်၊ သိပ္ပံ၊ သင်တန်းနှင့်ကျောင်း၊

(ခ) ပြည်တွင်းပြည်ပ၊ ပုဂ္ဂလိကများ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဖွင့်လှစ်သည့် နည်းပညာနှင့် သက်မွေးပညာ သင်ကောလိပ်၊ သိပ္ပံ၊ သင်တန်းနှင့်ကျောင်း၊

(ဂ) ဒေသန္တရအဖွဲ့အစည်းပိုင် နည်းပညာနှင့် သက်မွေး ပညာသင်တန်းများ၊

(ဃ) ပုဂ္ဂလိက နည်းပညာနှင့် သက်မွေးပညာသင်တန်းများ၊

(င) ဒေသလိုအပ်ချက်အရ သက်မွေးပညာရပ်များကို တစ်နေရာတည်းတွင် စုစည်းဖွင့်လှစ်သည့် ပိုလီတက်ကနစ် နည်းပညာနှင့် သက်မွေးပညာသင်တန်းများ၊

(စ) ရွေ့လျားသင်တန်းများ၊ ကျောင်းပြင်ပသင်သင်တန်းများ၊ အလုပ်သင်အဖြစ်ဆောင်ရွက်သည့် သင်တန်းများ၊ လုပ်ငန်းခွင်အတွင်း ကျွမ်းကျင်မှု မြှင့်တင်ပေးသည့် သင်တန်းများ၊

(ဆ) ကောင်စီက အခါအားလျော်စွာ သတ်မှတ်သည့် နည်းပညာနှင့် သက်မွေးပညာ သင်တန်းများ။

၂၃။ ပုဒ်မ ၂၂ အရတည်ထောင်သော နည်းပညာနှင့် သက်မွေးပညာသင်ကျောင်း၊ သိပ္ပံ၊ သင်တန်းနှင့် ကျောင်းသည် နိုင်ငံတော်၏ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သော ကျွမ်းကျင်လုပ်သားများကို ဖြည့်ဆည်းပေးနိုင်ရန် မွေးထုတ်ပေးရမည်။

၂၄။ ပုဒ်မ ၂၂ အရ တည်ထောင်ဖွင့်လှစ်သော ကျောင်းများသည်-

(က) အရည်အသွေး အာမခံချက်နှင့်အညီ ပြည့်စုံစွာ တည်ထောင်ဖွင့်လှစ်ရမည်။

(ခ) တာဝန်ခံဝန်ကြီးဌာနများနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၏ ခွင့်ပြုချက်ဖြင့် စီးပွားရေးဇုန်များ၊ စက်မှုဇုန်များ၊ ပုဂ္ဂလိကလုပ်ငန်းများ၊ နိုင်ငံတကာဖွံ့ဖြိုးရေး မိတ်ဖက် အသင်းအဖွဲ့များနှင့် ချိတ်ဆက် ပူးပေါင်း ဆောင်ရွက်နိုင်သည်။

(ဂ) လူသားအရင်းအမြစ် ပျိုးထောင်ရေးဌာနများ ဖွင့်လှစ်၍ သင်တန်းသားများ လုပ်ငန်းခွင်ဆိုင်ရာ ကျွမ်းကျင်မှုရရှိရေးအတွက် သုတေသနများ ပြုလုပ်ခြင်းတို့ကို ဆောင်ရွက်ရမည်။

(ဃ) ကျောင်းနှင့် သင်တန်းများ၏ အရည်အသွေး စစ်ဆေး အကဲဖြတ်ခြင်းနှင့် ပြင်ပ အရည်အသွေး စစ်ဆေးအကဲဖြတ်ခြင်းကို ခံယူ၍ စစ်ဆေးအကဲဖြတ်ခြင်းတို့ကို အရည်အသွေး ခိုင်မာမှုအတွက် စံချိန်စံညွှန်းများနှင့် ကိုက်ညီရန် ဆောင်ရွက်ရမည်။

ဒီပြင်ဆင်ချက်များကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ ဒီပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၇)၊ အပိုဒ် ၂၂ (က)မှ(ဆ)ထိ၊ အပိုဒ် ၂၃၊ အပိုဒ် ၂၄ ခြေဆင်း၊ အပိုဒ် ၂၄ (က)(ခ)(ဂ)(ဃ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၇)၊ အပိုဒ် ၂၂ (က)မှ(ဆ)ထိ၊ အပိုဒ် ၂၃၊ အပိုဒ် ၂၄ ခြေဆင်း၊ အပိုဒ် ၂၄ (က)(ခ)(ဂ)(ဃ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ညာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-

အခန်း(၈)၊ အပိုဒ် ၂၅ ခေါင်းစဉ်၊ အပိုဒ် ၂၅(က)(င)(စ) တို့ကိုဆက်လက်တင်ပြပါမယ်။

၂၅။ အမျိုးသားပညာရေး မူဝါဒကော်မရှင်က ချမှတ်ထားသော မူဝါဒများ၊ အမျိုးသားပညာရေး အဆင့်အတန်းနှင့် အရည်အသွေး အာမခံမှု အကဲဖြတ်ကော်မတီ၏ မူဘောင်၊ အမျိုးသား သင်ရိုးညွှန်းတမ်း ကော်မတီ၏ စံများနှင့်အညီ နည်းပညာနှင့် သက်မွေးပညာရေးဆိုင်ရာ သင်ရိုးညွှန်းတမ်းနှင့် သင်ရိုး မာတိကာများကို အတည်ပြုပြဋ္ဌာန်းရာ၌ အောက်ပါအချက်များ ပါရှိစေရန် တာဝန်ခံ ဝန်ကြီးဌာနများက ကြီးကြပ်ဆောင်ရွက်ရမည်-

(က) တွေးခေါ်ကြံဆ ဝေဖန်ပိုင်းခြားနိုင်စွမ်းရှိသည့် နိုင်ငံ့သားကောင်းများ ဖြစ်ထွန်းပေါ်ပေါက်စေရေး၊

**ဥက္ကဋ္ဌ**။ ။ တာဝန်ခံ၏ ဝန်ကြီးဌာနများက မှန်တယ်။ (၏) သွားမဖြုတ်နဲ့။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ တာဝန်ခံဝန်ကြီးဌာနများပါ ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ တာဝန်ခံ၏ ဝန်ကြီးဌာနဆိုတာ သင်တန်းရဲ့ ဝန်ကြီးဌာနကို ဆိုလိုတာ။ သင်တန်း တာဝန်ခံနဲ့သက်ဆိုင်တဲ့ ဝန်ကြီးဌာနကို ဆိုလိုတာ။ သွားမဖြုတ်နဲ့။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ တာဝန်ခံ၏ ဝန်ကြီးဌာနများက။ ဟုတ်ကဲ့။

(င) ပုဒ်မ ၁၈ ပါ နည်းပညာနှင့် သက်မွေးပညာရေး အဆင့်များနှင့် ပုဒ်မ ၁၉ ပါ နည်းပညာနှင့် သက်မွေးပညာရေး အမျိုးအစားများအတွက် အမျိုးသား သင်ရိုးညွှန်းတမ်း ကော်မတီ၏ သတ်မှတ်ချက်နှင့် အညီ သင်ရိုးညွှန်းတမ်း အညွှန်းဘောင်များ၊ သင်ရိုးညွှန်းတမ်းစံများနှင့် သင်ရိုးညွှန်းတမ်း ဖြစ်စေရေး၊

(စ) ပုဒ်မခွဲ(င)ပါ သင်ရိုးညွှန်းတမ်းစံကို အခြေခံ၍ သင်ရိုးညွှန်းတမ်း ဖွံ့ဖြိုးမှုကို တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ လိုအပ်ချက်အလိုက် လွတ်လပ်စွာ ဆောင်ရွက်နိုင်ခွင့်ရှိစေရေး။

ဒီပြင်ဆင်ချက်များကို အတည် ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၈)၊ အပိုဒ် ၂၅ ခြေဆင်း၊ အပိုဒ် ၂၅(က)(င)(စ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၈)၊ အပိုဒ် ၂၅ ခြေဆင်း၊ အပိုဒ် ၂၅ (က)(င)(စ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-

အခန်း(၉)၊ အခန်းခေါင်းစဉ်၊ အပိုဒ်၂၆(က)ခြေဆင်း၊ အပိုဒ် ၂၆(က)(၁)(၂)၊ အပိုဒ် ၂၆(ခ)၊ အပိုဒ် ၂၇ ခြေဆင်း၊ အပိုဒ် ၂၇ (က)(ခ)(ဂ) တို့ကို တင်ပြပါမယ်။

## အခန်း(၉)

## ဆရာများ၏ အရည်အချင်းနှင့် တာဝန်များ

၂၆။ (က) ဆရာများသည် -

(၁) နည်းပညာနှင့် သက်မွေးပညာရေးအတွက် ကျယ်ပြန့်သော အမြင်ရှိပြီး သင်ကြားမှု၊ သင်ယူမှုစနစ်များကို ထိရောက်စွာ ဆောင်ရွက်နိုင်ရမည်။

(၂) မိမိလုပ်ငန်းအပေါ်တွင် တာဝန်သိစိတ်ရှိပြီး နည်းပညာနှင့် သက်မွေးပညာကို ချစ်မြတ်နိုး စိတ်ရှိရမည်။ ကျောင်းသား၊ ကျောင်းသူများအတွက် စံနမူနာကောင်းဖြစ်ရမည်။

(ခ) သက်ဆိုင်ရာ ပညာရပ်တွင် အထူးကျွမ်းကျင်သူ ဖြစ်ပါက ပုဒ်မခွဲ(က) ပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို လျှော့ပေါ့ စဉ်းစားနိုင်သည်။

၂၇။ ဆရာများသည် -

(က) မိမိအရည်အချင်းနှင့်သင်ကြားရေးစွမ်းရည်အစဉ်တိုးတက်စေရန် လေ့ကျင့်ဖြည့်ဆည်း၍ အခါအား လျော်စွာ ဖွင့်လှစ်သည့် နည်းပညာနှင့် သက်မွေးပညာဆိုင်ရာ ဆရာအတတ်သင် သင်တန်းများသို့ တက်ရောက်ရမည်။

(ခ) နည်းပညာနှင့်သက်မွေးပညာများ ထိရောက်စွာ သင်ကြားပေးနိုင်ရန် စက်ရုံ၊ အလုပ်ရုံ အတွေ့အကြုံကို ဆည်းပူးလေ့လာရမည်။

(ဂ) နိုင်ငံ့ဝန်ထမ်းဖြစ်ပါက နိုင်ငံ့ဝန်ထမ်းဥပဒေနှင့် နည်းဥပဒေများကို လိုက်နာဆောင်ရွက်ရမည်။

ဒီပြင်ဆင်ချက်များကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ ၂၆(က) ဆရာများသည် - (၁)နည်းပညာနှင့် သက်မွေးပညာရေးအတွက် ကျယ်ပြန့်သော အမြင်ရှိပြီး သင်ကြားမှု၊ သင်ယူမှုစနစ်များကို ထိရောက်စွာ ဆောင်ရွက်နိုင်ရမည်။

(၂) မိမိလုပ်ငန်းအပေါ်တွင် တာဝန်သိစိတ်ရှိပြီး နည်းပညာနှင့် သက်မွေးပညာကို ချစ်မြတ်နိုး စိတ် ရှိရမည်။ ကျောင်းသား၊ ကျောင်းသူများအတွက် စံနမူနာကောင်း ဖြစ်ရမည်ဆိုတာ အပိုဒ်ခွဲငယ် စိတ်(၃) ဆိုရင် ပိုကောင်းတာပေါ့၊ဒုတိယဝန်ကြီးနော်။ ဘာလို့လဲဆိုရင် (၂)ထဲမှာပဲ ထည့်တဲ့အခါကျတော့ ဒီတာဝန်သိစိတ်နဲ့ နည်းပညာနှင့် သက်မွေးပညာကို ချစ်မြတ်နိုးစိတ် ရှိတာကိုပဲ ရည်ညွှန်းသလိုဖြစ်နေ တယ်။(၃) ဆိုလို့ရှိရင်တော့ သူက အပိုဒ်ခွဲငယ်စိတ် (၃)ဆိုပြီးတော့ ထည့်လိုက်။

**ဥက္ကဋ္ဌ**။　　။ ဒီပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၉)၊ အခန်း ခေါင်းစဉ်၊ အပိုဒ် ၂၆(က) ခြေဆင်း၊ အပိုဒ် ၂၆(က) (၁) (၂) (၃)၊ အပိုဒ် ၂၆ (ခ)၊ အပိုဒ် ၂၇ ခြေဆင်း၊ အပိုဒ် ၂၇ (က) (ခ) (ဂ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၉)၊ အခန်း ခေါင်းစဉ်၊ အပိုဒ် ၂၆(က) ခြေဆင်း၊ အပိုဒ် ၂၆(က)(၁)(၂)၊ အပိုဒ် ၂၆ (ခ)၊ အပိုဒ် ၂၇ ခြေဆင်း၊ အပိုဒ် ၂၇ (က)(ခ)(ဂ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။　　။ ဥပဒေကြမ်းကော်မတီ ၏ ပြင်ဆင်ချက်-

အခန်း(၁၀)၊ အပိုဒ် ၂၈ ခြေဆင်း၊ အပိုဒ် ၂၈ (က)(ဂ)(ဃ) တို့ဖြစ်ပါတယ်။

၂၈။　တာဝန်ခံဝန်ကြီးဌာနများ၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ကောင်စီသည်-

(က) နည်းပညာနှင့်သက်မွေးပညာကျောင်းနှင့် သင်တန်းများ၏ ဝင်ခွင့်စာမေးပွဲစစ်ဆေး ခြင်း သင်တန်းတစ်ခုနှင့်တစ်ခု ဆက်သွယ်ကူးပြောင်း သင်ယူခွင့်ပြုခြင်းနှင့် အောင် လက်မှတ်ထုတ်ပေးခြင်းတို့ကို သက်ဆိုင်ရာဥပဒေနှင့်အညီ နည်းပညာနှင့် သက်မွေး ပညာကျောင်းနှင့် သင်တန်းအလိုက် ကျင့်သုံးသတ်မှတ်နိုင်ရေးအတွက် လိုအပ်သလို ပေါင်းစပ် ညှိနှိုင်း ဆောင်ရွက်ရမည်။

**ဥက္ကဋ္ဌ**။　　။ ဝင်ခွင့်စာမေးပွဲ စစ်ဆေးခြင်းနောက်မှာ ပုဒ်ထီးထည့်လိုက်။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။　　။ မှန်ပါတယ် ခင်ဗျား။ ပုဒ်ဖြတ်ထည့်ရပါမယ် ခင်ဗျား။

(ဂ) ပုဒ်မခွဲ(ခ)ပါ လုပ်ငန်းများကို ဆောင်ရွက်ရာတွင် အမျိုးသားပညာရေး မူဝါဒ ကော်မရှင်က ချမှတ်ထား သောမူဝါဒများ၊ အမျိုးသားပညာရေး အဆင့် အတန်းနှင့် အရည်အသွေးအာမခံမှု အကဲဖြတ်ကော်မတီ၏မူဘောင်၊ အမျိုးသားသင်ရိုးညွှန်းတမ်း ကော်မတီ၏စံများနှင့် ညီညွတ်မှုရှိစေရန် ပေါင်းစပ်ညှိနှိုင်းပြီး ကြပ်မတ်လမ်းညွှန် ပေးရမည်။

(ဃ) နည်းပညာနှင့်သက်မွေးပညာကျောင်းနှင့် နည်းပညာ နှင့် သက်မွေးပညာဌာနများရှိ သင်ကြားသင်ယူမှု အစီအစဉ်များသည် သက်ဆိုင်ရာ စံချိန်စံညွှန်းများနှင့် ကိုက်ညီမှု အခြေအနေကို အမြဲမပြတ်စိစစ်အကဲဖြတ်ခြင်းဖြင့် အရည်အသွေးအဆင့် သတ်မှတ် နိုင်ရန်နှင့် အာမခံချက်ပေးနိုင်ရန် စီစဉ်ဆောင်ရွက်ရမည်။

ဒီပြင်ဆင်ချက်များကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ် ပါသည်။

**ဥက္ကဋ္ဌ**။ ။ ဒီပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၁၀)၊ အပိုဒ် ၂၈ ခြေဆင်း၊ အပိုဒ် ၂၈ (က)(ဂ)(ဃ)၊ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၁၀)၊ အပိုဒ် ၂၈ ခြေဆင်း၊ အပိုဒ် ၂၈ (က)(ဂ)(ဃ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥပဒေကြမ်းကော်မတီ ၏ ပြင်ဆင်ဖြည့်စွက်ချက်များဖြစ်တဲ့

အခန်း(၁၁)၊ အပိုဒ် ၂၉၊ အပိုဒ် ၃၀၊ အပိုဒ် ၃၁၊ အပိုဒ် ၃၂(ခ)(ဂ)၊ အပိုဒ် ၃၃ တို့ ဖြစ်ပါတယ်။

၂၉။ ပုဒ်မ ၂၂၊ ပုဒ်မခွဲ(က)နှင့် (ခ)တို့ပါ အစိုးရနှင့် သက်ဆိုင်သော နည်းပညာနှင့် သက်မွေးပညာ သင်ကျောင်းများသည် သင်တန်းများ၏ ဘဏ္ဍာငွေလိုအပ်ချက်ကို တာဝန်ခံဝန်ကြီးဌာနများနှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၏ အစီအစဉ်ဖြင့် ဆောင်ရွက်ရမည်။

၃၀။ ပုဒ်မ ၂၂၊ ပုဒ်မခွဲ(က)နှင့် (ခ)တို့ပါ အစိုးရနှင့် သက်ဆိုင်သော နည်းပညာနှင့်သက်မွေး ပညာသင်ကျောင်းနှင့် နည်းပညာနှင့် သက်မွေးပညာဌာနများသည် ပုဂ္ဂလိကလုပ်ငန်း၊ ဖက်စပ်လုပ်ငန်း၊ ကုမ္ပဏီလုပ်ငန်း၊ စီးပွားရေးအဖွဲ့အစည်းလုပ်ငန်း၊ နိုင်ငံခြားအသက်မွေးဝမ်း ကျောင်းပညာအဖွဲ့အစည်း များနှင့် ပူးပေါင်းဆောင်ရွက်ခြင်း လုပ်ငန်းတို့မှရရှိသောရန်ပုံငွေကို တာဝန်ခံဝန်ကြီးဌာနများ၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများ၏ သဘောတူညီချက်ဖြင့် ကိုယ်ပိုင်ရန်ပုံငွေတစ်ရပ်ကို ထူထောင်နိုင်သည်။

၃၁။ ပုဒ်မ ၂၂၊ ပုဒ်မခွဲ(က)နှင့်(ခ)တို့ပါ နည်းပညာနှင့် သက်မွေး ပညာသင်ကျောင်းနှင့် နည်းပညာနှင့် သက်မွေးပညာဌာနသည် ပြည်တွင်းပြည်ပပုဂ္ဂိုလ် သို့မဟုတ် တရားဝင်အဖွဲ့အစည်းများ၏ ထောက်ပံ့လှူဒါန်းငွေ သို့မဟုတ် ပစ္စည်းများကို တာဝန်ခံဝန်ကြီးဌာနများ၊ သက်ဆိုင်ရာဝန်ကြီးဌာနများ၏ ခွင့်ပြုချက်ဖြင့် လက်ခံ၍ ဥပဒေနှင့်အညီ ကိုယ်ပိုင်ရန်ပုံငွေ စာရင်းတွင် ထည့်သွင်းရမည်။

၃၂။ သက်မွေးပညာသင်ကျောင်းနှင့် ဌာနများသည် ပုဒ်မ ၂၉ နှင့် ပုဒ်မ ၃၀ တို့အရ လက်ခံရရှိသော ကိုယ်ပိုင်ရန်ပုံငွေများနှင့် ပစ္စည်းများကို -

(ခ) ဘဏ္ဍာငွေသုံးစွဲရာတွင် တည်ဆဲဘဏ္ဍာရေးစည်းမျဉ်း စည်းကမ်းများနှင့်အညီ သုံးစွဲပြီး စာရင်းဇယား မှတ်တမ်းများကို အလှူရှင်နှင့် အများပြည်သူတို့ ထင်သာမြင်သာရှိစေရန် ဆောင်ရွက်ရမည်။

(ဂ) တာဝန်ခံဝန်ကြီးဌာနများနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၏ ဘဏ္ဍာရေးစည်းမျဉ်းများနှင့်အညီ စာရင်းစစ်ဆေးမှုကို ခံယူရမည်ဟု ပြင်ဆင်ထားပါတယ်။

အသစ်ဖြည့်စွက်ချက်ဖြစ်ပါတယ်-

၃၃။ ၁၉၇၄ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ စက်မှု၊ စိုက်ပျိုးနှင့် သက်မွေးပညာရေးဥပဒေအရ ထုတ်ပြန်ခဲ့သော နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများသည် ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။

ဒီ ပြင်ဆင် ဖြည့်စွက်ချက်များကို အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၁၁)၊ အပိုဒ် ၂၉၊ အပိုဒ် ၃၀၊ အပိုဒ် ၃၁၊ အပိုဒ် ၃၂(ခ)(ဂ)၊ အပိုဒ် ၃၃ ပြင်ဆင်ဖြည့်စွက်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၁၁)၊အပိုဒ် ၂၉၊ အပိုဒ် ၃၀၊ အပိုဒ် ၃၁၊ အပိုဒ် ၃၂(ခ)(ဂ)၊ အပိုဒ် ၃၃ သည် ဤဥပဒေ ကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-

အခန်း(၁၂)၊ အပိုဒ် ၃၄(ခ)၊ အပိုဒ် ၃၅

၃၄။ ဤဥပဒေကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်-

(ခ) ကောင်စီနှင့်ကောင်စီကဖွဲ့စည်းပေးသည့် အဖွဲ့အစည်းများ၊ သက်ဆိုင်ရာ ဦးစီးဌာနများသည် လိုအပ်သောအမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံး လုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၃၅။ ၁၉၇၄ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ စက်မှုစိုက်ပျိုးနှင့် သက်မွေး ပညာရေးဥပဒေကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

ဒီ ပြင်ဆင်ချက်များကို လွှတ်တော်က အတည်ပြုဆောင်ရွက်ပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၁၂)၊ အပိုဒ် ၃၄(ခ)၊ အပိုဒ် ၃၅ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၁၂)၊ အပိုဒ် ၃၄(ခ)၊ အပိုဒ် ၃၅ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ ပယ်ဖျက်ချက်များကို တင်ပြပါမယ်။

မူလဥပဒေကြမ်း၏

အခန်း(၅)၊ အပိုဒ် ၁၃(င)(ဆ)၊

အခန်း(၈)၊ အပိုဒ် ၂၅(င)၊

အခန်း(၉)၊ အပိုဒ် ၂၆(ဆ)၊

အခန်း(၁၀)၊ အပိုဒ် ၂၇(ဂ)၊

အခန်း(၁၂)၊ အပိုဒ် ၃၂(ဂ)တို့ကို မလိုအပ်တဲ့အတွက်ကြောင့် ပယ်ဖျက်ထားပါတယ်။

ဒီ ပယ်ဖျက်ချက်များကို လွှတ်တော်က အတည်ပြုဆောင်ရွက်ပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီပယ်ဖျက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပယ်ဖျက်ချက် အတည် ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)။** ။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏ အတည်ပြုချက်များကို ဆက်လက်တင်ပြပါမယ်။

မူလဥပဒေကြမ်း၏

အခန်း(၁)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၁၊ အပိုဒ် ၂(က)(ခ)(ဂ)(စ)(ည)(ဋ)

အခန်း(၃)၊ အပိုဒ် ၄(က)(စ)၊

အခန်း(၄)၊ အပိုဒ် ၇၊

အခန်း(၅)၊ အပိုဒ် ၁၆၊ အပိုဒ် ၁၇၊

အခန်း(၆)၊ အပိုဒ် ၂၀ (ဂ)၊

အခန်း(၈)၊ အပိုဒ် ၂၅(ခ)(ဂ)(ဃ)၊

အခန်း(၉)၊ အပိုဒ် ၂၆(က)(၃)(၄) နှင့်

ပြောင်းလဲအမှတ်စဉ်ထားသည့်

အခန်း(၅)၊ အပိုဒ် ၁၄(တ)၊

အခန်း(၁၀)၊ အပိုဒ် ၂၈(ခ)၊

အခန်း(၁၁)၊ အပိုဒ် ၃၂(က)၊

အခန်း(၁၂)၊ အပိုဒ် ၃၄(က) တို့ကို မူလအဆိုပြုချက်အတိုင်းထားရှိဖို့ ဖြစ်ပါတယ်။

ဒီ တင်ပြချက်များကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ဒီ တင်ပြချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် မူလအဆိုပြုချက်အတိုင်း အတည် ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။

ယခုအဆိုမှာ ဤဥပဒေကြမ်း အပိုဒ် ၁ မှ ၃၅ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

ဒီ အဆိုကို လွှတ်တော်က အတည်ပြုဆောင်ရွက်ပေးနိုင်ပါရန် တင်ပြအပ်ပါ တယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆိုအတည်ဖြစ်တဲ့အတွက် အပိုဒ် ၁ မှ ၃၅ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအဆိုမှာ ဤဥပဒေကြမ်း၏ အမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

ဒီ အဆိုကို လွှတ်တော်က အတည်ပြုဆောင်ရွက်ပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါ တယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆိုအတည်ဖြစ်တဲ့အတွက် ဤဥပဒေကြမ်း အမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက နည်းပညာနှင့် သက်မွေးပညာရေး ဥပဒေကြမ်းကို အတည်ပြုရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ် တစ်ဦးက ထောက်ခံခြင်း**

**အချိန်၊ ၁၀း၄၉။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၉)ဖြစ်ပါတယ်။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၁၊ နည်းဥပဒေခွဲ(ခ)အရ နည်းပညာနှင့် သက်မွေးပညာရေး ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က အတည်ပြုပေးဖို့ ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက အဆို တင်သွင်းရန် ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၉။**

**ဒေါက်တာဇော်မင်းအောင် (ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး မင်္ဂလာပါခင်ဗျား။ ပညာရေးဝန်ကြီးဌာနရဲ့ကိုယ်စား ဒုတိယဝန်ကြီး ကျွန်တော် ဒေါက်တာ ဇော်မင်းအောင်က နည်းပညာနဲ့ သက်မွေးပညာရေးဥပဒေကို အတည်ပြုနိုင်ရန် အဆို တင်သွင်းသွားပါမယ်။ နည်းပညာနှင့် သက်မွေးပညာရေး ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်မှာ ဆွေးနွေးနိုင်ရန် ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်နေ့မှာ တင်သွင်းခဲ့ပါတယ်။ အဲဒီ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ပညာရေးဝန်ကြီးဌာနက တာဝန်ရှိသူများ၊ သက်ဆိုင်ရာ ပညာရှင်ကြီးများနဲ့ အသေးစိတ်ဆွေးနွေးညှိနှိုင်းပြင်ဆင်ပြီးဖြစ်ပါတယ်။ ယင်းပြင်ဆင်ဖြည့်စွက် ပယ်ဖျက်ချက်များကို ပညာရေးဝန်ကြီးဌာနက သဘောတူပါ တယ်။

သို့ဖြစ်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နည်းပညာနှင့် သက်မွေးပညာရေး ဥပဒေကြမ်းကို ပြင်ဆင်ထားသည့်အတိုင်း အမျိုးသားလွှတ်တော်က အတည်ပြုပေးနိုင်ပါရန် အဆို တင်သွင်းအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၅၀။**

**ဥက္ကဋ္ဌ**။ ။ အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၀း၅၀။**

**ဦးထွန်းမြင့်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)**။ ။ ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက နည်းပညာနှင့် သက်မွေးပညာရေးဥပဒေကြမ်းကို အတည်ပြုရန် အဆိုတင်သွင်းခြင်းကို စစ်ကိုင်းတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၆) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးထွန်းမြင့် က ထောက်ခံအပ် ပါတယ်ခင်ဗျား။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက နည်းပညာနှင့်သက်မွေးပညာရေး ဥပဒေကြမ်းကို အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း

**အချိန်၊ ၁၀း၅၁။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအဆိုမှာနည်းပညာနှင့် သက်မွေးပညာရေး ဥပဒေကြမ်းကို ပြင်ဆင်ထား သည့် အတိုင်း အတည်ပြုရန် ဖြစ်ပါတယ်။
ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆို အတည်ဖြစ်တဲ့အတွက် နည်းပညာနှင့်သက်မွေး ပညာရေးဥပဒေကြမ်းသည် ပြင်ဆင်ထားသည့်အတိုင်း အတည်ဖြစ်သည်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် နဝမနေ့အစည်းအဝေး ရပ်နားကြောင်းနှင့် ဒသမနေ့အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**အချိန်၊ ၁၀း၅၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန် အစည်းအဝေး နဝမနေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒသမနေ့ ကို မနက်ဖြန် နံနက် ၁၀ နာရီအချိန်တွင် ကျင်းပမည် ဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး နဝမနေ့ကို ၁၀း၅၂ နာရီအချိန်တွင် ရပ်နားပါသည်။]